ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ကြံခင်းမြို့

၂၀၁၈ ခုနှစ် ကွမ်းအစ်ကုန်း အုပ်စု ၊ သာယာကုန်း ကျေးရွာ

**မာတိကာ**


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်း ဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
ဧရာဝတီမြစ်
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖိုးတရုပ်ချောင်း
ကျောက်နီချောင်း
မှူင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တောကြိုးဝိုင်း
ရွှေသမင်သစ်တောကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကြံခင်းမြို့နယ်၊ ကွမ်းအစ်ကုန်း ကျေးရွာအုပ်စုပြမြေပုံ




ကွမ်းအစ်ကုန်းကျေးရွာအုပ်စု ပြမြေပုံ

**၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း**

ကွမ်းအစ်ကုန်း ကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများမှာ -

၁. ကွမ်းအစ်ကုန်း ကျေးရွာ

၂. ရေလယ်ကျင်း ကျေးရွာ

၃. ကြာအင်းလေး ကျေးရွာ

၄. သာယာကုန်း ကျေးရွာ

၅. ပင်ကတိုင်း ကျေးရွာ

၆. ငွေးချို ကျေးရွာ

၇. သာပေါင်း ကျေးရွာ

၈. ဂန်ထောက်ကွင်း ကျေးရွာ

၉.ဖိုးခေါင်ကွင်း ကျေးရွာ တို့ဖြစ်ပါသည်။

ကွမ်းအစ်ကုန်း ကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၉)ရွာ ဖြင့်ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာအခြေခံ အချက်အလက်များ

သာယာကုန်း ကျေးရွာသည် ဧရာဝတီတိုင်း ၊ ဟင်္သာတခရိုင် ၊ ကြံခင်းမြို့နယ် ၊ ကွမ်းအစ်ကုန်း အုပ်စုတွင်တည်ရှိသော ရွာလေးဖြစ်ပါသည်။ အိမ်ခြေ (၃၀)အိမ် ၊ လူဦးရေ (၈၇)ဦး နေထိုင်လျှက်ရှိပါသည်။ကွမ်းအစ်ကုန်း အုပ်စု၏ ဗဟိုချက်အဖြစ် ကွမ်းအစ်ကုန်းကျေးရွာအား သတ်မှတ်၍ သာယာကုန်း ကျေးရွာ နှင့် ကွမ်းအစ်ကုန်း ကျေးရွာသည် ( ၃ )မိုင်ခန့် ဝေးပါသည်။

ရွာတည်စမှာ ၁၉၅၁ ခုနှစ်လောက်ဟုခန့်မှန်းရပါသည်။ရွာတည်စတွင် အိမ်ခြေ (၁၂ ) အိမ်သာ ရှိပြီး ကျတ်ကုန်း ဟု အမည်ခေါ်ကာ ပြည်သူ့ကောင်စီ လက်ထက်တွင် “သာယာကုန်း” ဟုပြောင်းလဲခေါ်ဆိုခဲ့ပါသည်။ရွာသည် အရှေ့အနောက် သွယ်တန်းနေသော ရွာတန်းရှည်ပုံသဏ္ဍာန် ဖြစ်ပါသည်။ သာယာကုန်းရွာ၏ အရှေ့ဘက်တွင် ကွမ်းအစ်ကုန်း နှင့် ကြာအင်းလေးရွာ ရှိ၍ အနောက်ဘက်တွင် ဖိုးခေါင်ကွင်းရွာ ရှိပါသည်။မြောက်ဘက်တွင် အလုံချောင်းစီးဆင်း၍ တောင်ဘက်တွင် ပရှည်းချောင်း ရှိပါသည်။သာယာကုန်း နှင့် ဖိုးခေါင်ကွင်းရွာ ကြားတွင် ဆီဆုံရိုး လည်းရှိပါသည်။သာယာကုန်းကျေးရွာသည် တောင်ပေါ်ရွာဖြစ်၍ ပတ်ပတ်လည်တွင် ချောင်း ၊ ရိုး နှင့် ချိုင့်ဝှမ်းများ ဝန်းရံထားပါသည်။

မိုးရာသီတွင် အခြားရွာများသို့ သွားရန်ခက်ခဲသည်။ ရွာ၏အဓိက စီးပွါးရေးလုပ်ငန်းမှာ လယ်လုပ်ငန်း ဖြစ်၍ စပါးနှင့် မတ်ပဲ ကိုစိုက်ပျိုးကြပါသည်။ဗမာလူမျိုးများ ဖြစ်၍ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြပါသည်။သာယာကုန်း ကျေးရွာတွင် ရေတွင်းရေကန်တူးဖော်ရန် ခက်ခဲ၍ ကွန်ချောင်းကိုသာ အဓိက အားထားရပါသည်။ တောင်ပေါ်ဒေသတွင်ရှိသော ကျေးရွာလေးဖြစ်၍ လေဒဏ်ကို နှစ်စဉ်ခံစားရပါသည်။ စာသင်ကျောင်း ၊ စာကြည့်တိုက် ၊ ဆေးပေးခန်း စသည့်အခြေခံ အဆောက်အဦးဟူ၍မရှိပါ။ လျှပ်စစ်မီး မရှိ၍ အချို့အိမ်များတွင် ဆိုလာမီးသုံးစွဲခြင်းများရှိပါသည်။

သာယာကုန်း ကျေးရွာသူကျေးရွာသားများတွင် မိမိတို့ကျေးရွာနှင့်ပတ်သက်၍ အိမ်မက်များရှိကြပါသည်။လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ရွာလေးဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လိုကြပါသည်။မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတတ်စေရန် အစဉ်ကြိုးစားနေသူများဖြစ်ကြပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၁၂.၁၀.၂၀၁၄ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၁၁ | ၂၂ | ၂၃ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၁၂.၁၀.၂၀၁၄ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၁၁ | ၂၂ | ၂၃ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၁၂.၁၀.၂၀၁၄ | ချမ်းသာ၊ အလလယ်အလက်နွမ်းပါးအုပ်စုများ | ၁၁ | ၂၂ | ၂၃ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၁၂.၁၀.၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၁၁ | ၂၂ | ၂၃ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၁၂.၁၀.၂၀၁၇ | ကျေးရွာရှိ အမျိုးသား နှင့် အမျိုးသမီးများ | ၁၁ | ၂၂ | ၂၃ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုး မှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၁၂.၁၀.၂၀၁၇ | ကျေးရွာရှိ အမျိုးသား နှင့် အမျိုးသမီးများ | ၁၁ | ၂၂ | ၂၃ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့် နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၁၂.၁၀.၂၀၁၇ | ကော်မတီဝင်များ နှင့်ရပ်ရွာလူထု များ | ၁၁ | ၂၂ | ၂၃ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာ မျှော်မှန်းချက် (Village Vision) | ၁၂.၁၀.၂၀၁၇ | ကော်မတီဝင်များ နှင့်ရပ်ရွာလူထု များ | ၁၁ | ၂၂ | ၂၃ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ပြဿနာသစ်ပင် (Problem Tree) | ၁၂.၁၀.၂၀၁၇ | အားလုံး | ၁၁ | ၂၂ | ၂၃ | -ဆွေးနွေးထားသောအခက်ခဲများ<br>-ဖြစ်ပေါ် လာရသည့်အကြောင်းရင်းများ အကျိုးဆက်များ<br>-မည်ကဲ့သို့ဖြေရှင်းရမည်နည်း။ |
| ၁၀ | ကျေးရွာ ဦးစားပေး လုပ်ငန်း | ၁၂.၁၀.၂၀၁၇ | ကော်မတီဂင်များ၊ ရပ်ရွာလူထုများ၊ တက်ရောက်သူ အားလုံး | ၁၁ | ၂၂ | ၂၃ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့် လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(က) လူမှုအရင်းအမြစ်ပြမြေပုံ



လူမှုအရင်းအမြစ်ပြမြေပုံ

## ၆။(က) သာယာကုန်း ကျေးရွာ၏ လူမှုအရင်းမြစ်ပြ မြေပုံသုံးသပ်ချက်

သာယာကုန်း ကျေးရွာ၏ တည်ရှိပုံကို သိရှိပြီး အရင်းအမြစ်များကို သတိထားမိစေရန် အသုံးချတတ်စေရန် ဖြစ်ပါသည်။

သဘာဝအရင်းအမြစ်များအဖြစ် ချောင်း ၊ လယ် ၊ ကုန်း ၊ ရိုး စသည့်အရင်းအမြစ်များရှိပါသည်။ ရိုးကူးတံတား ရှိသော်လည်း ချောင်းကူးတံတား မရှိပေ။ဖိုးခေါင်ကွင်းရွာ နှင့် သာယာကုန်းရွာကြားတွင် ရိုးကူးတံတား ရှိပါသည်။လူမှုအရင်းအမြစ်နှင့် အခြေခံအဆောက်အဦးများမှာ သာယာကုန်းရွာတွင် မတွေ့ရပါ။ရွာလမ်းမကြီးသည် ကျောက်ခင်းလမ်းဖြစ်၍ ယခင်က ကိုယ်ထူကိုယ်ထ ခင်းကြရသည်။ အလယ်ရွာ နှင့် သာယာကုန်း ကျေးရွာအား ချောင်းဖြင့် ပိုင်းခြားထား၍ သွားလာရသော လမ်းမှာ ကျဉ်း မြောင်းလှပါသည်။ ရွာနံဘေးတွင် ချောင်း နှင့် ချိုင့်ဝှမ်းများစွာ တည်ရှိနေကြသည်။

လူမှုအရင်းအမြစ်ပြ မြေပုံ ဆွဲခြင်းအားဖြင့် ရွာသူရွာသားများသည် မိမိတို့ကျေးရွာတွင် အရင်းအမြစ် ရှားပါးမှု ၊ ပေါများမှုအခြေအနေကို ၄င်းတို့ကိုယ်တိုင် သိမြင်လာရပါသည်။ ထိုအရင်း အမြစ် များအပေါ်တွင် အခြေခံ၍ ရွာအတွက် အမှန်တကယ် လိုအပ်သော အခြေခံ အဆောက်အဦး များ လမ်းတံတားများအား ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြပါသည်။

လူမှုအရင်းအမြစ်ပြ မြေပုံအား ကျေးရွာလူထု အမျိုးသား ( ၆ ) ဦး ၊ အမျိုးသမီး ( ၃ ) ဦးဖြင့် တတ်ကြွစွာ ပါဝင်ဆွေးနွေးရေးဆွဲခဲ့ကြပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း
စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ) ရာသီခွင်ပြ ပြက္ခဒိန်



ရာသီခွင်ပြ ပြက္ခဒိန်

### ၆။(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

သာယာကုန်း ကျေးရွာတွင် ရာသီအလိုက် အလုပ်အကိုင်အခွင့်အလမ်းပေါ်မူတည်၍ ဝင်ငွေ ရရှိမှု ၊ ရာသီအလိုက်ဖြစ်တတ်သော ရောဂါများအား သိရှိစေရန် ရာသီခွင်ပြ ပြက္ခဒိန်အား ရေးဆွဲကြပါ သည်။


ရာသီဥတု အနေဖြင့် တန်ခူး ၊ ကဆုန်လများသည် ပူပြင်းခြောက်သွေ့၍ နယုန်လတွင် မိုး အနည်းငယ် ရွာသွန်းရွာသွန်းစပြုနေပါသည်။တော်သလင်းလအထိ မိုးရွာသွန်း၍ သီတင်းကျွတ်လမှ တပေါင်းလ အထိ မနက်ခင်းတွင် နှင်းကျသော်လည်း ပူပြင်းသည်။အလုပ်အကိုင်အနေဖြင့်လယ်ယာ စိုက်ပျိုးခြင်း ၊ ရိတ်သိမ်းခြင်း ၊ မတ်ပဲစိုက်ပျိုးခြင်း လုပ်ငန်းများအား ရာသီအလိုက်လုပ်ကိုင်ကြပါသည်။ တန်ခူး ၊ ကဆုန်လများတွင် ပူပြင်းခြောက်သွေ့၍ အလုပ်အကိုင်ရှားပါးကြပါသည်။အလုပ်အကိုင်ပေါ် မူတည်၍ ကျေးရွာ၏လစဉ်ဝင်ငွေများအား ဖော်ထုတ်နိုင်ခဲ့ပါသည်။စပါးပေါ်ချိန် ၊မတ်ပဲ ပေါ်ချိန်များတွင် ဝင်ငွေများပါသည်။

ကျန်းမာရေး အနေဖြင့် ရာသီအကူးအပြောင်းကာလတွင် ဖျားနာခြင်း ၊ အပူနာပေါက်ခြင်း ၊ နာစေးချောင်းဆိုးခြင်းများ ရှိကြပါသည်။ပွဲတော်များအနေဖြင့် ဘာသာရေးပွဲများအား ရာသီအလိုက် ကျင်းပကြပါသည်။ဝင်ငွေများ၍ အလုပ်များသောကာလများတွင် အစားအစာပေါ်များပြည့်စုံကြသည်။ ပူပြင်းသောရာသီတွင် ရေအခက်အခဲရှိ၍ မိုးရာသီတွင် ပေါ်များပါသည်။

ကျေးရွာ၏တစ်နှစ်ပတ်လုံး အခြေအနေများ ၊ အားလပ်ချိန် ၊ အလုပ်အကိုင်ရှားပါးချိန်နှင့် လစဉ် ပျမ်းမျှဝင်ငွေများအားသိရှိလာရပါသည်။အမျိုးသား(၆)ဦး ၊ အမျိုးသမီး (၆)ဦး တို့နှင့်အတူ တတ်ကြွစွာ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း



လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

## ၆။(ဂ) လူမှုစီးပွါးအဆင့် သတ်မှတ်ခြင်းသုံးသပ်ချက်


သာယာကုန်း ကျေးရွာအတွက် ၎င်းတို့ရွာတွင် နေထိုင်သူများ၏ စီးပွားရေးအခြေအနေအရ ချမ်းသာကြွယ်ဝမှု အဆင့် ၊ အလယ်အလတ်အဆင့် ၊ နွမ်းပါးသောအဆင့်ဟူ၍သိရှိနိုင်ရန် ပိုင်ဆိုင်မှုနှင့် အလုပ်အကိုင်များကိုသတ်မှတ်ဖော်ထုတ်ခဲ့ကြပါသည်။

ထိုသို့သတ်မှတ်လိုက်ခြင်းဖြင့် ကျေးရွာ၏လက်ရှိ စီးပွားရေးအခြေအနေကို ကောင်းစွာသိမြင်လာရပါသည်။ချမ်းသာကြွယ်ဝမှု အဆင့်အနေဖြင့် ပျဉ်ထောင်ပျဉ်ခင်းနစ်ထပ်အိမ် ၊ ဖောကား(အသေး) ခြွေလှေ့စက် ၊ နွား(၃) ကောင်၊ လှည်း၊ လယ်(၁၀) ဧက၊ ဝမ်းစာစပါး(၃၀၀)၊ ရေစက်၊ ဆိုင်ကယ်၊ TV-အောက်စက်၊ စလောင်းနှင့် ဖုန်း(၂) လုံးတို့ကို ပိုင်ဆိုင်ကြပါသည်။ ၎င်းအိမ်ထောင်စုသည် (၃၉%) ရှိပါသည်။ နွမ်းပါးသူများအဆင့်သည် ဝါးထရံ၊ ကြမ်းခင်းအိမ်၊ နွား၊ ဆိုင်ကယ်၊ TV- အောက်စက်၊ စလောင်းနှင့် ဖုန်းတို့ကိုပိုင်ဆိုင်ကြပါသည်။ လက်လုပ်လက်စားများ၍ (၃၅%)ခန့် ရှိပါသည်။

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းဖြင့် ကျေးရွာ၏စီးပွားရေးအခြေအနေ၊ ပိုင်ဆိုင်မှုများ၊ အလုပ်အကိုင်နှင့် ဖွံ့ဖြိုးတိုးတက်မှုများကို သုံးသပ်နိုင်ခဲ့ပါသည်။ အမျိုးသား (၄) ဦးနှင့် အမျိုးသမီး (၃) ဦးတို့ တက်ကြွစွာ ပါဝင်ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ</u>




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## ၆။(ဃ)အဖွဲ့အစည်းချိတ်ဆက်ပြ မြေပုံသုံးသပ်ချက်


သာယာကုန်း ကျေးရွာတွင်ရှိသော အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ချိတ်ဆောင်ရွက်မှုကို ကျေးရွာလူထုသိရှိနိုင်ရန် ဖော်ထုတ်ခြင်းဖြစ်ပါသည်။

ဤမြေပုံကို ရေးဆွဲခြင်းအားဖြင့် သာယာကုန်း ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းမှာ မရှိပေ။ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ၊ ချောင်းလမ်းပြုပြင်ရေးအဖွဲ့ ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ ဟူ၍ (၃)ဖွဲ့သာ ရှိကြောင်းတွေ့ရပါသည်။အခြားပရဟိတအဖွဲ့များ ၊ ဘာသာရေးအသင်းများ၊ မီးသတ်အဖွဲ့အစည်းများ ဖွဲ့စည်းထားခြင်းမရှိပါ။အုပ်ချုပ်ရေး အဖွဲ့အနေဖြင့် ဆယ်အိမ်မှူး ၊ ရာအိမ်မှူး ဟူ၍ ဖွဲ့စည်းပြီး အုပ်စု အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်ဆောင်ရွက်ပါသည်။ရွာလမ်းချောင်းကျောက်ခင်းခြင်း၊ပြုပြင်ခြင်းလုပ်ငန်း အတွက်ချောင်လမ်းပြုပြင်ရေးအဖွဲ့ထားရှိပါသည်။လူဦးရေ နည်းပါးမှုအရသော်လည်းကောင်း၊ မြို့ပြနှင့် ဝေးကွာ၍သော်လည်းကောင်း သာယာကုန်း ကျေးရွာတွင်အဖွဲ့အစည်းနည်းပါးပါသည်။

အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံရေးဆွဲခြင်းအားဖြင့် မိမိတို့ကျေးရွာတွင် လိုအပ်သောအဖွဲ့ အစည်းများကိုသိရှိလာရပါသည်။အမျိုးသား(၄)ဦးနှင့် အမျိုးသမီး(၆)ဦးတို့ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု</u>




အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု


## ၆။(င)အရင်းအမြစ်များအပေါ် လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု

သာယာကုန်း ကျေးရွာရှိ အရင်းအမြစ်များအပေါ် အမျိုးသားနှင့်အမျိုးသမီးများမှ အသုံးချနိုင်မှု ဆုံးဖြတ်နိုင်မှုတို့အားခွဲခြမ်းစိတ်ဖြာနိုင်စေရန် ဖြစ်ပါသည်။ချောင်း ၊ တော ၊ လယ်ယာ ၊ တောင် ၊ အိမ် ဆိုင်ကယ် ၊ စသည့်အရင်းအမြစ်များအား အမျိုးသားနှင့် အမျိုးသမီး တန်းတူအသုံးပြုကြပါသည်။နွား၊ ထွန်စက် ၊ လှည်း ၊ ခြွေလှေ့စက် စသည်တို့ကို အမျိုးသားများက ထိန်းချုပ်ပြီး ဝက် ၊ ကြက် ၊ဘဲ အပ်ချုပ်စက်၊ အိုးခွက်ပန်းကန်များအား အမျိုးသမီးများက ထိန်းချုပ်ထားသည်ကိုတွေ့ရပါသည်။အသုံး ပြုသည့်အခါ အမျိုးသားနှင့် အမျိုးသမီး တူညီနေသည်ကိုတွေ့ရပါသည်။

၎င်းအရင်းအမြစ်များ ဖော်ထုတ်ရာတွင် အမျိုးသား (၂၁)ဦး နှင့် အမျိုးသမီး (၂၂)ဦးတတ်ကြွစွာ ပါဝင်ဆွေးနွေးကြပါသည်။သာယာကုန်း ကျေးရွာသူကျေးရွာသားများသည် ၎င်းပိုင်ဆိုင်မှု ၊ ထိန်းချုပ်မှု များကို ဖော်ထုတ်ကြရင်း မိမိတို့ကျေးရွာရှိ လက်လှမ်းမှီစွာ တန်းတူအသုံးပြုနိုင်သော အရင်းအမြစ်များ နှင့် ကျား-မ ရေးရာ ဆုံးဖြတ်ပိုင်ခွင့်များ အမျိုးသမီး၏ ဆုံးဖြတ်နိုင်မှု လျော့နည်းနေခြင်းများကိုပါ တစ်ပါ တည်းသိမြင်လာကြပါသည်ဟုသုံးသပ်မိပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(စ) ပင့်ကူအိမ်ကွန်ယက်</u>




ပင့်ကူအိမ်ကွန်ယက်

## ၆။(စ)ပင့်ကူအိမ်ကွန်ယက် သုံးသပ်ချက်

သာယာကုန်း ကျေးရွာအတွင်းရှိ အမျိုးသား နှင့် အမျိုးသမီးတို့၏ မတူညီသော အခြေအနေ အရင်းအမြစ်အပေါ်လက်လှမ်းမီနိုင်မှုများကို သိရှိနိုင်စေရန်ဖြစ်ပါသည်။ပင့်ကူအိမ် သုံးသပ်ခြင်းသည် ကျေးရွာသူရွာသားများ၏ လုပ်ဆောင်မှုပေါ်တွင်မူတည်၍ အမျိုးသား အမျိုးသမီးကွာဟမှုကို လေ့လာခြင်းပင်ဖြစ်ပါသည်။


အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှုနှင့် ပညာရေးလက်လှမ်းမီမှုများအပေါ်တွင် အမျိုးသားများ ထက်ပါဝင်မှုများနေသည်ကိုတွေ့ရပါသည်။အမျိုးသမီးများ ပူးပေါင်းပါဝင်မှု အနည်းဆုံး အပိုင်းမှာ အုပ်ချုပ်ရေးပိုင်းပင်ဖြစ်ပါသည်။သာယာကုန်း ကျေးရွာရှိ အမျိုးသမီးများသည် အုပ်ချုပ်ရေးပိုင်းတွင် တစ်ဦးတစ်ယောက်မှ ပါဝင်မှုမရှိပေ။ အခြားအဖွဲ့အစည်းများတွင်လည်းပူးပေါင်းပါဝင်မှုအားနည်းနေပါ သည်။အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်း၊ အရင်းအမြစ်ပေါ်လက်လှမ်းမီမှု၊ ဝင်ငွေရှာဖွေ နိုင်မှုတွင် အမျိုးသမီးများထက် ပိုမိုပါဝင်မှုများပါသည်။လုံခြုံမှုနှင့်အုပ်ချုပ်မှုတို့တွင်လည်း အမျိုးသမီး များအနေဖြင့်အားနည်းနေသည်ကိုတွေ့ရပါသည်။

သာယာကုန်း ကျေးရွာတွင် အမျိုးသားနှင့်အမျိုးသမီး ပူးပေါင်းပါဝင်မှုနှုန်း ကွာဟနေသည်ကို တွေ့ရပါသည်။ဖွဲ့စည်းထားသောအဖွဲ့အစည်း နည်းပါး၍သော်လည်းကောင်း ၊ အိမ်ထောင်မှုလုပ်ငန်း များတွင် အချိန်ပေးရ၍ သော်လည်းကောင်း အမျိုးသမီးများ၏ အခွင့်အရေး နည်းပါးနေသည်ဟု သုံးသပ်မိပါသည်။ထို့ကြောင့် အမျိုးသားများအနေဖြင့် အမျိုးသမီးများ၏ အကြံဉာဏ်များအား အသိအ မှတ်ပြုပေးခြင်း ၊ လက်တွဲခေါ်ယူခြင်း၊ နေရာပေးခြင်းများကို လုပ်ဆောင်ပေးသင့်ပါသည်။

ပါဝင်ဆွေးနွေးသူ အမျိုးသား(၂၁)ဦး နှင့် အမျိုးသမီး (၂၂)ဦး တတ်ကြွစွာပါဝင်ဆွေးနွေးကြပါ သည်။ပင့်ကူအိမ်ကွန်ယက်အားအခြေခံ၍ ကျား-မ ရေးရာကွာအား သဘောပေါက်နားလည်လာ ကြသည်ဟုသုံးသပ်မိပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဆ) ကျေးရွာအခက်အခဲပြဿနာများ</u>




အခက်အခဲပြဿနာများ

## ၆။(ဆ) ကျေးရွာအခက်အခဲများသုံးသပ်ချက်


သာယာကုန်း ကျေးရွာသူရွာသားများ၏ မျှော်မှန်းချက်များတွင် အခက်အခဲ အတားအဆီးများ ရှိနေပါသည်။ထိုအခက်အခဲများအား အမျိုးသားနှင့်အမျိုးသမီးများ သီးသန့်အုပ်စုဖွဲ့ကာ ဖော်ထုတ်ခဲ့ကြပါသည်။

အမျိုးသားများဖော်ထုတ်သော အခက်အခဲများမှာ ကျန်းမာရေး ၊ ပညာရေး ၊ နည်းပညာခက်ခဲမှုရှိကြောင်း တင်ပြကြပါသည်။၎င်းအပြင် လမ်းပန်းဆက်သွယ်ရေး မကောင်းသဖြင့် ကောက်ပဲသီးနှံများ တင်ပို့ရောင်းချရန် ခက်ခဲ ခဲ့ပါသည်။မိုးရာသီတွင် ရေကြီးခြင်း၊ မြေပြိုခြင်းတို့ကြောင့် ကျောင်းသူကျောင်းသားများ ပညာသင်ရန်ခက်ခဲ သည်ကိုဆွေးနွေးခဲ့ကြပါသည်။

အမျိုးသမီးများကလည်း မိမိတို့ရွာသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် စျေးသွားရာတွင် မိုးအခါ၌ ဒုက္ခရောက်ရကြောင်း ၊ သားသမီးငယ်များအတွက်စိတ်ပူရကြောင်း၊ ရေကြီးခြင်းကြောင့် ရေရှားပါးမှုနှင့် နာမကျန်းဖြစ်ပါက ဆေးရုံဆေးခန်းသွားရန်ခက်ခဲကြောင်း အသီးသီးဆွေးနွေးခဲ့ကြပါသည်။မိမိတို့ကျေးရွာဖွံ့ဖြိုးရေးကို ရှေးရှု၍ ရင်ဆိုင်နေရသောအခက်အခဲများအား အမျိုးသားနှင့် အမျိုးသမီး ပူးပေါင်းတိုင်ပင်ဆွေးနွေးခဲ့ကြပါသည်။ဝိုင်းဝန်းညှိနှိုင်း၍ စည်းစည်းလုံးလုံးဆောင်ရွက်လျှင် အခက်အခဲများအား ဖြေရှင်းနိုင်မည်ဟုသုံးသပ်မိပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(၈) ကျေးရွာမျှော်မှန်းချက်</u>




မျှော်မှန်းချက်များ

## ၆။(ဇ)ကျေးရွာမျှော်မှန်းချက်အား သုံးသပ်ခြင်း

လူတစ်ဦးတစ်ယောက်ခြင်းတွင် မျှော်မှန်းချက်များရှိသကဲ့သို့ သာယာကုန်း ကျေးရွာသူရွာသား များသည်လည်း မိမိတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းချက်များရှိကြပါသည်။ထိုမျှော်မှန်းချက်များ ကို အမျိုးသား အမျိုးသမီး အုပ်စုခွဲ၍ ဖော်ထုတ်ဆွေးနွေးခဲ့ကြပါသည်။


အမျိုးသားများသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်အဓိကထား ဆွေးနွေးပြီး ရွာလယ် လမ်းမကြီးအား ကွန်ကရစ်ခင်းကာ ချောင်းကူးတံတား ရှိရန်မျှော်မှန်းကြသည်။ကွမ်းအစ်ကုန်းနှင့်ဆက် သွယ်ထားသော လမ်းအား ချောင်းကျောက်ခင်းလမ်းဖြစ်ရန် မျှော်မှန်းကြသည်။ထို့အပြင် မူလတန်း ကျောင်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ မူကြိုကျောင်း စသည့် အခြေခံအဆောက်အဦးများအပြင် မီးသတ်ရေကန်၊ မီးသတ်ကားနှင့် စက်တို့အား မျှော်မှန်းကြသည်။

အမျိုးသမီးများကမူ ဘုန်းတော်ကြီးကျောင်း၊ စက်ရေတွင်း၊ ရေကန်ကြီးကြီး၊ လျှပ်စစ်မီး၊ ဈေး ကျောင်းများရှိရန် မျှော်မှန်းကြပါသည်။ဖိုးခေါင်ကွင်း၊ ကွမ်းအစ်ကုန်း နှင့် သာယာကုန်း ဆက်သွယ်ရေး လမ်းအား ကွန်ကရစ်လမ်းဖြစ်လိုကြသည်။

သာယာကုန်း ကျေးရွာသူရွာသားများသည် မိမိတို့ကျေးရွာအား ဘက်စုံဖွံ့ဖြိုးစေချင်ကြပါသည်။ မျှော်မှန်းချက်များ ဖော်ထုတ်ရာတွင် အမျိုးသားများနှင့် တန်းတူ အမျိုးသမီးများပါဝင်ဆွေးနွေး လာသည်ကိုတွေ့ရပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ည) ကျေးရွာ ဦးစားပေးလုပ်ငန်းများ</u>




ဦးစားပေးလုပ်ငန်းများ

## ၆။(ည) ဦးစားပေးလုပ်ငန်းရွေးချယ်ခြင်း သုံးသပ်ချက်

သာယာကုန်း ကျေးရွာတွင်ယခုနှစ် တတိယနှစ်စက်ဝန်းတွင် အကောင်အထည်ဖော်ရန် လုပ်ငန်းအား ကျေးရွာသူရွာသားများရွေးချယ်ကြရာတွင် စီမံကိန်းစက်ဝန်း ပ-နှစ်နှင့်ဒု-နှစ် တို့တွင် ဖော်ထုတ်ခဲ့သော လုပ်ငန်းများထဲမှ အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးသော လုပ်ငန်းများအား ပြန်လည်ဆန်းစစ်၍ ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ရွေးချယ်ရာတွင် ဦးစားပေးအဆင့်များ သတ်မှတ်၍ ထပ်မံရွေးချယ်ခဲ့ကြပါသည်။

| | ဦးစားပေးလုပ်ငန်း | အဆိုပြုသူ |
|---|---|---|
| (၁) | အင်ဂျင်မီးလင်းရေး လုပ်ငန်း | (ကျား+မ) |
| (၂) | တစ်ရွာလုံးရေပိုက်သွယ်တန်းခြင်း | (ကျား+မ) |
| (၃) | သာယာကုန်း-ကွမ်းအစ်ကုန်းရွာချင်းဆက်လမ်း | (ကျား) |
| (၄) | လျှပ်စစ်မီး (Transfer) | (မ) |

သာယာကုန်း ကျေးရွာ၏ ယခုနှစ် တတိယနှစ်စက်ဝန်း တွင်အကောင်ထည်ဖော်ရန် ဖွံ့ဖြိုးရေး လုပ်ငန်းများအား ကျေးရွာလူထုအမျိုးသား (၁၁) ဦး နှင့် ကျေးရွာလူထု အမျိုးသမီး (၂၂) ဦး တို့က ရွေးချယ်ဖော်ထုတ်ခဲ့ကြပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဂင်များ

၈။ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ကွမ်းအစ်ကုန်းအုပ်စု ကျေးရွာ။ ။ သာယာကုန်း

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၁၂.၁၀.၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးမျိုးနိုင်ဝင်း | ၀၉၉၇၁၇၉၉၃၂၉ | |
| ၂ | | ဥက္ကဌ | ဒေါ်ခင်ဌေးဝင်း | ၀၉၄၅၈၇၀၄၂၇၇ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးထွန်းထွန်းဦး | - | |
| ၄ | | အဖွဲ့ဝင် | ဒေါ်သူဇာဝင်း | ၀၉၇၈၀၀၄၉၇၅၄ | |
| ၅ | | အဖွဲ့ဝင် | | | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးစိုးသန်း | ၀၉၂၅၃၄၅၁၅၆ | |
| ၇ | | အဖွဲ့ဝင် | ဒေါ်ခင်ဝင်းရွှေ | - | |
| ၈ | | အဖွဲ့ဝင် | | | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်း ရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ခင်ဆွေဦး | - | |
| ၁၀ | | အဖွဲ့ဝင် | ဦးသန့်ဇင်ဦး | ၀၉၂၅၄၄၁၀၆၅ | |
| ၁၁ | | အဖွဲ့ဝင် | | | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်နနကြည် | ၀၉၂၅၀၂၂၈၁၀၉ | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးစောလွင် | ၀၉၇၉၅၁၃၆၀၁၄ | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်သင်းသင်းခိုင် | ၀၉၄၂၂၅၅၀၆၈၀ | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဒေါ်သန္တာဦး | ၀၉၄၂၄၆၄၄၈၇၀ | |
| ၁၆ | | အဖွဲ့ဝင် | ဦးရန်နိုင်ဖြိုး | ၀၉၄၂၃၈၈၄၁၅၉ | |

လက်ထောက်နည်းပညာမှူး - ဦးဇာနည်အောင်

လူထုစည်းရုံးရေးမှူး - ဒေါ်ဇာလီနိုင်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်*၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးဝင်းရွှေ | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉-786825053 | | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
|---|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု [illegible] | | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၃၀ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၃၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရေ ------------- | | ဘာသာရေ ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၆ ဦး | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၄၅ | ၄၂ |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၂၈ | ၂ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အ…ယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | **လူသွားလမ်း** | အခြား __________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်---၅---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

**(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------

(၂) ----------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးဝဒါရွှေ

လက်မှတ် — နေ့စွဲ ၁၅.၉.၁၇

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ဇာလီနိုင်

လက်မှတ် Naing — နေ့စွဲ ၁၅.၉.၁၇

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် · ဒေါ်ကလိဒိုင် | | | |
| နေ့စွဲ ၁၃. ၁၀. ၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| မြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု [illegible] | ကျေးရွာ သာယာကုန်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 13.10.17 | 13.10.17 | 11 | 22 | 23 | ဗမာ \| ဗုဒ္ဓ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 13.10.17 | 13.10.17 | 11 | 22 | 23 | ဗမာ \| ဗုဒ္ဓ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 24.10.17 | 24.10.17 | 13 | 13 | 26 | ဗမာ \| ဗုဒ္ဓ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 14.12.17 | 14.12.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 29.12.17 | 29.12.17 | 4 | 4 | 8 | ဗမာ \| ဗုဒ္ဓ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| \| |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | \| \| |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | \| \| |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | \| \| |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | \| \| |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | \| \| |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | \| \| |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | \| \| |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| *လမ်းညွှန်ချက်*၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ကလေမီနိုင် | |
| နေ့စွဲ ၃ . ၁၀ . ၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း ကျေးရွာအုပ်စု ကျွမ်းအစ်ကျွန်း ကျေးရွာ ယာယာကျွန်း |

 က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးရာသီတွင် ရေတားကြောင့် ကလေးများ ကျောင်းသွားရန် ခက်ခဲခြင်း | ၁ | တောတောင်နှင့် နီးကပ်နေသော ကြောင့် မိုးတွင်းအခါ ရာသီ ခက်ခဲခြင်း |
| ၂ | ကားလမ်း မရှိခြင်း | ၂ | စိုက်ပျိုးရေး နည်းပညာ အားနည်းခြင်း |
| ၃ | ရွာလမ်း အဆင်း ခက်ခဲခြင်း | ၃ | စိုက်ပျိုးသီးနှံ တင်ပို့ရောင်းချရန် ခက်ခဲခြင်း |
| ၄ | လျှပ်စစ်မီး မရှိခြင်း | ၄ | လမ်းပန်း ဆက်သွယ်ရေး ခက်ခဲခြင်း |
| ၅ | ချောင်းကူး တံတား မရှိခြင်း | ၅ | ရေ ခက်ခဲခြင်း |
| ၆ | ကျန်းမာရေး ဆေး ရောက်မှု မရှိခြင်း | ၆ | မိုးရာသီ ရေတားအတွက် ရာယ်ဒုက္ခရောက်ခြင်း |
| ၇ | ကျောင်းတွင်း၍ ပညာရေးသင် ယူရန် ခက်ခဲခြင်း | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | စာကြည့်တိုက် ရှိရမည် - | ၁ | အုပ်စု ဆက်သွယ်ရေး လမ်းကောင်း ရှိရမည် - |
| ၂ | ဆေးပေးခန်း ရှိရမည် - | ၂ | ရွာလမ်း ကောင်းမွန် ရှိရမည် - |
| ၃ | ချောင်းကူး တံတား ရှိရမည် - | ၃ | ချောင်းကူး တံတား ရှိရမည် - |
| ၄ | ရိတ်ခြွေစက် ရှိရမည် - | ၄ | အိမ်အရောက် ရေပိုက် သွယ်တန်း နိုင်ရမည် - |
| ၅ | ကျောင်း ရှိရမည် - | ၅ | စာကြည့်တိုက် ရှိရမည် |
| ၆ | လမ်း ကောင်းကောင်း ရှိရမည် - | ၆ | လျှပ်စစ်မီး ရှိရမည် - |
| ၇ | လျှပ်စစ်မီး ရှိရမည် | ၇ | ဆေးပေးခန်း ရှိရမည် - |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အင်ကျင်းမီးလင်းရေး | ကျား + မ | ၃,၅၂၀,၀၀၀ | ၈၇ ဦး |
| ၂ | တစ်ရွာလုံးရေပိုက်သွယ်တန်းခြင်း | ကျား + မ | ၂,၆၀၀,၀၀၀ | ၈၇ ဦး |
| ၃ | အုပ်စု ချင်းဆက်လမ်း | ကျား | ၈,၀၀၀,၀၀ | ၈၇ ဦး |
| | လျှပ်စစ်မီး (Transformer) | မ | ၁၅,၀၀၀,၀၀၀ | ၈၇ ဦး |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျိုးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးသင်တန်း | ကျား | |
| ၂ | ကြက်မွေးမြူသင်တန်း | မ | |
| ၃ | အိမ်တွင်းမှုလုပ်ငန်း | မ | |
| ၄ | အလှအပခြေလက်သည်းလုပ်ငန်း | မ | |
| ၅ | စက်မှုလက်မှုလုပ်ငန်း<br>မွေးမြူရေးလုပ်ငန်း | ကျား<br>ကျား + မ | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ----ဒေါ်ခင်မြင့်ဝင်း---- လက်မှတ် ----(signature)---- နေ့စွဲ ---၂၂.၁၀.၂၀၁၇---

ဦး ကျော်ဦးဝင်း (signature)

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်း(၂)

အပိုင်း-၃ ၁၉.၉.၂၀၁၅

# ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဒေါ်ကလာမိုင် ၊ ဦးစောဒုဉ်ဘောင် | | |
| နေ့စွဲ 24.10.17 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√)☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ဧရာဝတီတိုင်း | မြို့နယ်<br>ကြံခင်း | ကျေးရွာအုပ်စု<br>ဇွဲမင်းအစ်ကုန်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ငုံတောက်ကွင်း | အဝေးချင်မီးလမ်း ရေး | 32hp, 15KV (၄၀၀၀') | ၃၇၉ ဦး | ☑အမျိုးသား<br>☑အမျိုးသမီး<br>☐အမျိုးသားနှင့် အမျိုးသမီး | ၆၁၅၀၀၀၀/- | - | - | - | ၆၁၅၀၀၀၀/- |
| ဖိုးစော်ကွင်း | အမြစ်တစ် ရောက်/ ပိုက်ဂွယ် | ၈'x၆'x၁၈' (၁၅ထောက်လုံ) (၃၅၀၀') | ၃၃၃ ဦး | ☑အမျိုးသား<br>☑အမျိုးသမီး<br>☐အမျိုးသားနှင့် အမျိုးသမီး | ၆၁၃၀၀၀၀/- | - | - | - | ၆၁၃၀၀၀၀/- |
| သာယာကုန်း | အဝေးချင်မီး လင်းရေး | 25hp, 10KV (၁၆၀၀') | ၈၇ ဦး | ☑အမျိုးသား<br>☑အမျိုးသမီး<br>☐အမျိုးသားနှင့် အမျိုးသမီး | ၃၅၂၀၀၀၀/- | - | - | - | ၃၅၂၀၀၀၀/- |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်း...ကြွ

အပိုင်း-၃ ၁၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကြာအာဝါဆော | အမြင့်တက် ရေထုတ် / ပိုက်ဘူဝယ် | ၈'×၆'×၁၈' (၁၅၀၀ဂါလံ) (၃၀၀၀') | ဂုဏ်ဦး | ☑အမျိုးသား<br>☑အမျိုးသမီး<br>☐အမျိုးသားနှင့်အမျိုးသမီး | ၆၄၀၀၀၀/- | - | - | ၆၄၀၀၀၀/- |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် ဒေါ်ခင်စန်းဝေ ၊ ဦးမင်းချစ်သူ

လက်မှတ် ရက်စွဲ ၂၄.၁၀.၂၀၁၇

**၁၃။ (ပထမ +ဒုတိယ ) အကြိမ်ကျေးရွာ အစည်းဝေးမှတ်တမ်း**

သာယာကုန်း ကျေးရွာ၏ လူထုဗဟိုပြု စီမံကိန်း တတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်း နှင့် လူမှုဆန်းစစ်ချက်များ ပြန်လည်သုံးသပ်ခြင်း၊ ကော်မတီဝင်များ အတည်ပြု ရွေးချယ်ခြင်း အစည်းအဝေးကို (၁၃. ၁၀ . ၂၀၁၇) တွင် ရွာသူရွာသားများ နှင့်အတူ ပြုလုပ်ကျင်းပ ခဲ့ပါသည်။

စီမံကိန်း ဒုတိယနှစ်တွင် ရွေးချယ်ခဲ့သော ကော်မတီဝင်များမှာ အားလုံးမပါဝင်တော့ သဖြင့် ကော်မတီထဲမှ သုံးလေးဦးမှာ အသစ်တဖန် ရွေးချယ်ကြရပါသည်။ ကော်မတီများ ရွေးချယ်ပြီးလျှင် အရင်နှစ်များက ရေးဆွဲအကောင်အထည်ဖော်ခဲ့သော လူမှုဆန်းစစ်ချက်များ၊အခက်အခဲ ပြဿနာများ မျှော်မှန်းချက်များ အားပြန်လည်စမ်းစစ်၍ ထပ်မံဖြည့်စွက်လိုသော အကြောင်းအရာများ ရှိပါက အကြံ ပြုနိုင်ရန် မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက်တွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရွေးချယ်ကြပြန်ရာ စီမံကိန်း (ပ+ဒု) နှစ် တွင် ရွေးချယ်ဖော်ထုတ်ခဲ့သော ဖွံ့ဖြိုးရေး လုပ်ငန်းများထဲမှ အကောင်အထည်ဖော်ရန် ကျန်ရှိနေသေး သော ဦးစားပေး လုပ်ငန်းများအား ထပ်မံ၍စီစစ် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့ ရွေးချယ်ရာတွင် ကြာအင်းလေး ကျေးရွာ၏ ယခုနှစ် တတိယနှစ်စက်ဝန်း အတွက် ရွာသူရွာသားများ ရွေးချယ်ခဲ့သော ဦးစားပေး လုပ်ငန်းမှာ အင်ဂျင်မီးလင်းရေး လုပ်ငန်းဖြစ်ပါသည်။ ကော်မတီဝင်များ လက်မှတ်ထိုးခြင်း၊ မှတ်တမ်းတင်ဓါတ်ပုံရိုက်ခြင်းများ ပြုလုပ်ပြီး အစည်းအဝေးအောင်မြင်စွာ ပြီးဆုံးခဲ့ ပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ

ဒေါ်ဇာလီနိုင်

( လူထုစည်းရုံးရေးမှူး )

## ၁၄။ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁။ | အင်ဂျင်မီးလင်းရေး | ကျား<br>မ | ၂၀၁၈ | ရွာသူရွာသားများ | လူထုဗဟိုပြုစီမံကိန်း |
| | ၂။ | တစ်ရွာလုံးရေပိုက်သွယ်တန်းခြင်း | ကျား<br>မ | - | - | ကျေးလက်ဦးစီးဌာန |
| | ၃။ | အုပ်စုချင်းဆက်လမ်း | ကျား | - | - | ကျေးလက်ဦးစီးဌာန |
| | ၄။ | လျှပ်စစ်မီး(Transfer) | မ | - | - | EPC<br>မြို့နယ်လျှပ်စစ်ဌာန |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/စွမ်းရည်မြှင့်ရေး | ၁။ | စိုက်ပျိုးရေးသင်တန်း | ကျား | - | ရွာသူရွာသားများ | မွေးမြူရေးဝန်ကြီးဌာန |
| | ၂။ | ကြက်ခြေနီသင်တန်း | မ | - | ရွာသူရွာသားများ | မြို့နယ်ကြက်ခြေနီအသင်း |
| | ၃။ | အိမ်တွင်းမှုလုပ်ငန်း | မ | - | ရွာသူရွာသားများ | ကျေးလက်ဦးစီးဌာန |
| | ၄။ | မွေးမြူရေးလုပ်ငန်း | မ<br>ကျား | | | မွေးမြူရေးဝန်ကြီးဌာန |
| | | | | | | |
| ငွေကြေး | ၁။ | အသေးစားချေးငွေလုပ်ငန်း | မ | | | မြစိမ်းရောင်စီမံကိန်း |
| | | | | | | |
| | | | | | | |